
# မြပုလဲခင်

မမပိုးကောင်းတင်



အခန်း (၁)

**မောင်**

မကြင်စိမ်းနှင့် တိမ်းဖယ်ကြဲ

မမုန်းဘယ်ခါ ရှိစေရန်။

**သီရိ**

'ဘာလို့ မောင်က စိမ်းရမှာ လဲ'

ပလတ်စတစ် လောင်းထားတာ ရောင်စုံဓာတ်ပုံနောက်ကျောမှ စာကို ဖတ်ရင်း ရင်တွင်းမှ ပြောကြားလိုက်၏။ ဓာတ်ပုံကို ကြည့်လိုက်သည် ။

ပါးချိုင့်နှစ်ခွက် ခွက်ဝင်သည် အထိ ပြုံးနေသောဓာတ်ပုံထဲမှ သီရိအလှသည် ဘဝင်ကိုအေးစေသည် ။ ရောင်စုံပွင့်လန်းနေသော သစ်ခွပန်းများ အကြား မျက်နှာအလှကိုသာ ရိုက်ထားသည့် ဓာတ်ပုံဖြစ်သည် ။ သီရိအလှသည် ပန်းများ နှင့် အလှချင်းပြိုင်နေသည် ။ အပြုံးက သန့်စင်လွန်းသည် ။

'ဒီလောက် အပြစ်ကင်းစင်လွန်းတဲ့ သီရိကို မောင်က ဘာအတွက်နဲ့ မုန်းရမှာ လဲကွယ်'

ရင်ထဲမှ ညည်းတွားလိုက်ပြီး ဓာတ်ပုံကို အသာအယာမွေးကြူလိုက်သည် ။ ထိုစဉ်...

‘သားရေ…အမယ်လေးဟဲ့နော်’

မိခင်၏ အသံနှင့်အတူ နီးလာသော ခြေသံကြောင့် သူတုန်လှုပ်သွားသည် ။ ခတ်ပုံကို ကပျာကယာနှင့် စာအုပ်ကြားသို့ ညှပ်လိုက်သည် ။

‘ဘာလုပ်မလို့ လဲ မေမေ’

သူခိုးလူမိသဖြင့် မလုံမလဲ ရှက်ပြုံးနှင့် မိခင်ကို လှည့်ကြည့်ကာ မေးလိုက်သည် ။ မိခင်က လှောင်ပြုံးနှင့်…

‘ဒါလား စာကျတဲ့ လူ၊ ခတ်ပုံလည်း ပေါက်ထွက်သွားပါဦးမယ်’

‘မေမေကလည်း ဗျာ’

သူ ရှက်ကိုးရှက်ကန်းဖြစ်သွားသည် ။ မိခင်အကြည့်ကို ရှောင်လွှဲနေလိုက်သည် ။

‘မေမေကလည်း ဗျာ…လုပ်မနေနဲ့ ခြံထဲ မြန်မြန်ဆင်း ပန်းဝယ်တဲ့ လူ ရောက်နေတယ်၊ စေ့စပ်ပွဲအတွက် ပန်းနဲ့ သစ်ခွလာဝယ်တာတဲ့ ၊ မေမေက ဟင်းအိုးတန်းလန်းနဲ့ မို့ ခူးမပေးနိုင်ဘူး၊ သားခူးပေးလိုက်ရင်၊ ရန်ကနားကို မခူးခိုင်းနဲ့ နော်’

‘ဟုတ်ကဲ့ မေမေ’

ရှက်မျက်နှာကို ဖုက်ရန် နေရာရှာနေစဉ် ထွက်ပေါက်သွားသဖြင့် သွက်လက်စွာဖြင့် မိခင်အပါးမှ လှစ်ခနဲပြေးထွက်ခဲ့သည် ။

‘သား အဖူးမပါစေနဲ့ နော်’

‘ဟုတ်ကဲ့’

မိခင်ကို လှည့်မကြည့်ဘဲဖြေကာ အိမ်ပေါ်မှ ပြေးဆင်းခဲ့သည် ။ အိမ်ရှေ့ဆင်ဝင်အောက်တွင် ရွှေရောင် ပတ်ပလေကာအမိုးပွင့်တစ်စီး ရပ်

ထားသည် ။ လူတော့ရှိမနေ။ ပန်းဖြတ်ကတ်ကြေးကိုယူကာ ခြံထဲလျှောက်ခဲ့သည် ။ ပန်းဝယ်သူကို မတွေ့ရသေး။

ပိန်းပန်းအိုးများ အကြား ရှိလေမလား ဟူသောအတွေးဖြင့် ပိန်းများကိုရှိရာဘက်သို့ လျှောက်ခဲ့သည် ။ မရှိ။

သဇင်တိုင်များ ဆီ ရောက်နေသလား ဟူသောအတွေးဖြင့် လျှောက်ခဲ့ပြန်သည် မရှိ။

သစ်ခွအမျိုးပေါင်းစုံကို စိုက်ပျိုးရာဘက်သို့ ဦးတည်လိုက်ပြန်သည် ။ ပန်းပေါင်းစုံက အရောင်အသွေး အစုံအလင်ဖြင့် သူ့ထက်ငါ အလှချင်းပြိုင်နေသည် ။ သူဖတ်ဖူးသော ရမရကန်ဦးတိုး၏ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိသည် ။

လက်တံတိုမည်၊ လက်တံရှည်နှင့်

နေရောင်ခြည်၊ လရောင်ဝါ၊ မိုးလုံးမှိုင်း၊

ပုလဲဆိုင်း၊ ပုလဲနှစ်၊ ချစ်စရာ့လိပ်ပြာတောင်

နီလာရောင်တောင်လုံးမြိုင်၊

သုံးပွင့်ဆိုင် ခိုင်လုံးဆန်း

ပင်လုံးလန်း၊ နွဲ့တန်းယိမ်း၊

ညှာတံစိမ်းများကို

လေသိမ်းတိုင်းလှ၊ ကိန္နရီ ကသည့်နှယ်၊

တချို့ကချိပ်ပွင့်၊ တချို့ကပန်းရင့်လို

ပန်းဆင့်ပန်းပုံ၊ ဘွဲ့မည်ခံခြင်းတွင်

ဝေယန်နန်းမြင့်၊ ပန်းတိုင်းတင့်မို့။

ပန်းရောင်စုံကြား ဝေ့ဝိုက်ကာ ရှာဖွေကြည့်သည် ။ သရက်ပင်အိုကြီး အောက်၌ အနီရဲရဲကို တွေ့လိုက်သည် ။ မျက်လုံးကို အားယူကာ ကြည့် သည် ။ အမျိုးသမီးကျောခိုင်းထားသော သဏ္ဍာန်အဖြစ် ပီပြင်လာသည် ။

အမျိုးသမီးသည် ကျားမျက်လုံး ပန်းခိုင်ကို ယုယစွာကိုင်တွယ်နေသ ည် ။ သူ ခြေလှမ်းကျဲကျဲဖြင့် အမျိုးသမီးထံ အရောက် လှမ်းလိုက်သည် ။

သူ့ခြေသံကြောင့်ထင်သည် ။ အမျိုးသမီးက ဆတ်ခနဲ နောက်သို့ လှ ည့်ကြည့်လိုက်ရာ...

'ဟင်...'

သူ့ခြေလှမ်း တုံ့ဆိုင်းသွားသည် ။ သို့သော် သူ ရပ်တည်နေသောမြေကြီး လျောင်များ လှုပ်သွားလေသလားထင်မှတ်ရ အောင် ချာချာလည်သွားသကဲ့သို့ ရှိသည် ။ ရင်ထဲမှ အက်ကွဲစွာ ဟစ်ခေါ် လိုက်မိသည် ။

'မမ'

သူ့ရည်မှန်းချက်ပန်းတိုင်ကို ရိုက်ချိုးခဲ့သော သူ့မမသည် ဘုံကြိုးပြ တ်လှသော နတ်သူဇာလေလား အောက်မေ့ရသည် ။ သူ့မျက်မှောက်၌ ဘွားခနဲရောက် လာလေပြီ။ နာကျည်းခြင်း၊ စိတ်လှုပ်ရှားခြင်း၊ အံ့ဩခြင်း၊ အလီလီသော ဝေဒနာရပ်တို့ ဖြင့်ကြက်သေသေကာ မမကို ငေးကြည့်နေမိသည် ။

'ရှင်...ပန်းခူးပေးမလို့ လား'

မမက မျက်မှောင်ချီကာ မေးလိုက်သဖြင့် အသက်ဝင်လှုပ်ရှားလာ

ကာ…

'ဗျာ…ဟုတ်…ဟုတ်ကဲ့'

ရင်ထဲနာကျင်ဆို့ နစ်နေသော ဝေဒနာရပ်တို့ ကြောင့် နှုတ်ဖျားမှာ ထစ်ငေါ့သွားသည် ။

မမအသံသည် ပြောင်းလဲမှုမရှိသေးချေ။ ဩဇာသံအပြည့်အဝ ရှိနေဆဲပင်။

'ဒါဖြင့် ကျွန်မ ဒီကျားမျက်လုံး ပန်းအခက်တွေအားလုံး လိုချင်တယ် ခူးပေးပါ'

'မခူးနိုင်ဘူးခင်ဗျ'

မမကို ဆန့်ကျင်ရန် ပထမဦးဆုံးအနေဖြင့် သူအားယူလိုက်သည် ။

'ဘာ'

မမ အသံ ဟိန်းထွက်လာသည် ။ မျက်ဆန်နက်နက်၌ ဒေါသငွေ့ပါ လေပြီ။ ယခင်ကကဲ့သို့ပင် မမ၏ ခက်ထန်မှုမာန်သည် မပြောင်းလဲဘဲ ရှိနေဆဲပင်။

'ဒါရောင်းဖို့ မဟုတ်ပါဘူး'

သူ့အသံကို မတုန်ခါစေရန် သတိထား၍ ပြောလိုက်သည် ။ မမက နှုတ်ခမ်းတစ်ဖက်ကို တွန့်ရုံပြုံးလိုက်ပြီး…

'ဒါဖြင့် ခြံရှေ့ဆိုင်းဘုတ်ဖြုတ်ပစ်လိုက်တော့'

သူပြုံးလိုက်မိသည် ။ 'မာလာမြိုင်-ပန်းမျိုးစုံရမည်' ရေးသားထားသော ဆိုင်းဘုတ်ကို ဆိုလိုလိုက်မှန်းသိလိုက်သည် ။

'အဲဒီပန်းကလွဲရင် ကျန်တဲ့ ပန်းတွေထဲက ဘာပန်းလိုချင် လိုချင် ရ

စေရပ့်ါမယ်’

နာကျည်းစွာဖြင့် မေ့ပျောက် ထားခဲ့သောသူကို သူသည် ဘာကြောင့် ရှည်ရှည်ဝေးဝေး ဆက်ဆံရန် အစပြုနေရသလဲဟု သူ့စိတ်ကိုသူ နားမလည်မနိုင်။ ထိုစဉ် မမ၏ မျက်နှာပြင်အပြောင်းအလဲဟူသမျှကို မျက်တောင်ပင်မခတ်နိုင်ဘဲ ငေးမောနေမိသည် ။

‘ကျွန်မက ဒီပန်းပဲလိုချင်တယ်’

မေမေပြောတော့ ပိန်းပန်းဝယ်မလို့ ဆို၊ စေ့စပ်ပွဲအတွက် သစ်ခွလည်း ယူမယ် ပြောတယ်၊ ဒီပန်းက စေ့စပ်ပွဲမှာ ပန်လို့ မကောင်းဘူးခင်ဗျ

မမသည် ကျားမျက်လုံးပန်းခိုင်လေးကိုသာ လိုချင်တပ်မက်သော အကြည့်ဖြင့်ကြည့်ပြီး

‘ပန်ဖို့ မဟုတ်ပါဘူး၊ အမှတ်တရလိုချင်လို့ ပါ’

သူ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည် ။ မမသည် ဤပန်းမျိုးအပေါ် အမှတ်တရရှိနေဆဲပါလား ဟူသောအသိဖြင့် သူ့ရင်ထဲ ပြင်းထန်သော ငလျင်လှိုင်းတစ်ခုဖြတ်စီးသွားသည် ။

‘ဘယ်လောက်ပေးရမလဲရှင်၊ တောင်းချင်သလောက်သာတောင်း ကျွန်မပေးမယ်’

‘ဝမ်းနည်းပါတယ်၊ ဒီပန်းတွေက ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ပန်းတွေ ဖြစ်နေလို့ ပါ၊ ရောင်းဖို့ စိုက်ထားတာမဟုတ်ပါဘူး’

သူ ခပ်အေးအေးလေး ရှင်းပြလိုက်သည် ။ မမသည် စိတ်မရှည်နိုင်သည့်အလား အသံပြတ်ဖြင့်

‘ရှင်မရောင်းဘူးလား၊ ရောင်းမလား’

‘ရောင်းဖို့ မဟုတ်ဘူး လို့ ပြောပြီးပြီပဲ’

မမျက်လုံးသည် ကျားသစ်မ၏ မျက်လုံးအလား ဝင်းဝင်းတောက်လာသည် ။

‘ကြီးကျယ်လိုက်တာ၊ မရောင်းချင်နေ၊ ခူးတယ်ကွာ၊ ခူးတယ်’

မမ၏ စရိုက်သည် အရင်တုန်းကကဲ့သို့ပင် လက်မြန်ခြေမြန်ရှိနေဆဲပင်။ ဆတ်ခနဲ ပန်းတစ်ခက်ကို ခူးယူလိုက်သည် ။

‘မမ…မမရယ်’

သူ့ရင်ထဲမှ ပေါက်ကွဲထွက်ပေါ်လာသော တမ်းတသံသည် နှုတ်ဖျားမှ လိမ့်ထွက်သွားရာ မမက သူ့အား သံသယဖြင့်ကြည့်ကာ…

‘ရှင်…ဘယ်လိုခေါ်လိုက်တယ်’

သူ့ရင်ထဲနွေးထွေးလာသည် ။ မမသည် သူ့အပေါ်ထားရှိခဲ့သည့် သဘောထားကို သူသိချင်လာသည် ။ မမအကြည့်က ဝေခွဲရခက်နေဟန်ရှိသည် ။

‘ဘယ်လိုမှ မခေါ်ပါဘူး’

‘ရှင်မညာနဲ့ ကျွန်မ ရှင့်ကို မြင်ဖူးသလိုလိုပဲ’

‘လောကကြီးမှာ လူတူမရှား၊ နာမည်တူမရှား ရှိနေတာပဲ’

မမ ဟန်က မကျေနပ်သည့်ဟန်။ အားမလိုအားမရဖြင့်နေသည့်အလား။

‘ရှင့်မျက်မှန် ချွတ်လိုက်’

‘ဗျာ…’

‘ရှင် နားလေးနေသလား၊ မျက်မှန်ချွတ်လိုက်ပါဆို’

မမက သူ့ဉာဉ်အတိုင်း ရယူလိုသောအရာကိုရအောင်ယူတော့မည့် အသွင်ရှိနေသည် ။ စွတ်ရွတ်ကာ သူ့မျက်မှန်ကို ချွတ်တော့မည်ဟန် ရှိနေရာ…

‘ကိုယ်ထိလက်ရောက်မှုနဲ့ တရားစွဲမှာ နော်’

မမ၏ တစ်ဖွတ်ထိုးနိုင်မှု၊ လက်မြန် ခြေမြန်ရှိမှုများကို သူ ကြည်သာစွာပြုံးရင်း ပြောလိုက်မိရာ၊ မမမှာ ပို၍ အသည်းယားလာဟန်ဖြင့် ဆွေ့ဆွေ့ခုန်မတတ် ရှိနေသည် ။

‘တရားစွဲတာ နောက်၊ ကျွန်မ သိချင်တာက ခု’

‘မမ ဘာသိချင်သလဲ’

မမသည် တုန်လှုပ်သွားဟန်ရှိသည် ။ မယုံကြည်နိုင်သော မျက်လုံးဖြင့် သူ့အား စူးစူးရဲရဲကြည့်ကာ…

‘ကျွန်မကို မမလို့ ခေါ်တာ ထစ်ယောက်တည်းရှိတယ်’

သူ ရင်ထဲ ချမ်းမြေ့သွားသည် ။

‘ဘယ်သူလဲ’

မမသည် ဖိုးဖိုးဆတ်ဆတ်နှင့် သူ့မျက်မှန်ကို ဆွဲဖြုတ်ယူလိုက်သည် ။

‘အို…နောင်…နောင်ရယ်’

မမအသားများ တဆတ်ဆတ်တုန်ခါလာသည် ။ မျက်ရည်များ ရစ်ဝဲကာ နှုတ်ခမ်းသားများ ဖွေးကာ တုန်ခါလာသည် ။ သူ မမကို ပြုံးကာကြည့်နေမိသည် ။ မမပေးသော ဒဏ်ရာကြောင့် ကန်းသွားသော ဘယ်မျက်လုံး။ ဘယ်ဘက်ပါးပြင်ပေါ်မှ အနာရွတ်တို့ သည် မမကိုခြော

က်လှန့်လိုက်ဟန်တူသည် ။ မမတုန်လှုပ် ချောက်ချားစွာဖြင့် ထိတ်လန့်တကြား ရှိနေသည် ။

‘မမ’

သူက မမလက်ထဲမှ မျက်မှန်ကို လှမ်းယူကာ ပြန်တက်လိုက်သည့်တိုင် မမသည် တုန်လှုပ်မှုအရှိန်မပြေသေးသည့်အလား တုန်ယင်နေရာမှ ရင်ဘတ်ကို လက်နှင့်ဖိကာ...

‘နောင်...မော...မော’

မမ အသံ မဆုံးခင် ယိုင်ထိုးလာသဖြင့် သူ ကပျာကသီ ဆီးပွေ့လိုက်သည် ။ မမ မြေပြင်ထက်သို့ မကျသွားဘဲ သူ့ရင်ခွင်ထဲ သတိလစ်နေပြီ။

‘မမ..မမ’

သူ့ဘဝထဲမှ အပြီးတိုင် ပျောက်ဖျက်ခဲ့သော မမသည် ယခု သူ့ရင်ခွင်ထဲ၌ ရောက်ရှိလေပြီ။ မမကို စိုးရိမ်ကြီးစွာ၊ ကြင်နာစွာ၊ ယုယစွာ ပွေ့ပိုက်လျက် အိမ်ဆီသို့ ချီခဲ့လေသည် ။

‘ရန်ကနား...ဟိုဘက်အိမ်က အန်တီကို မြန်မြန်ပြေးခေါ်ခဲ့စမ်း’

သူ့ရင်ထဲသောကမီးမှာ ဟု န်းခနဲတောက်လျက်ရှိနေပြီး နာကျည်းစွာ မေ့ထားခဲ့သော မမအတွက် သူ့ခံစားချက်သည် ဤမျှ ပြင်းထန်လိမ့်မည်ဟု သူမထင်ခဲ့ပါ။

ယခုတော့...။

‘မမရယ်’

သူ့အသည် နှလုံး ဆတ်ဆတ်ခါအောင် နာကျင်လျက် ရှိသည် ။

* * *

# အခန်း (၂)

လူးလွန့်နေသော နှုတ်ခမ်းကြားမှ အသံသည် အားနည်းစွာ ပေါ်ထွက်လာသည် ။ သူတော့မကြားရပါ။ သို့သော် သူအလိုလိုသိနေသည် ။ မကြားရသော်လည်း နှုတ်ခမ်းလှုပ်ပုံကြည့်ခြင်းဖြင့် မမ တမ်းတမ်းတတ ခေါ်နေသောအသံမှာ 'နောင်' မှ တစ်ပါး အခြား မဖြစ်နိုင်ပါ။

'မမ...နောင်ရှိတယ်လေ'

သူ မမလက်ကို ဖွဖွကလေးဆုပ်ကိုင်ကာ အားပေးလိုက်သည် ။

မမကို သူအတတ်နိုင်ဆုံး ဖေးမသွားရန် သူ့ဆုံးဖြတ်ချက်ကို ဆရာဝန်ပြောသောစကားများကြားကတည်းက ချခဲ့သည် ။

'စိတ်ချရပါပြီ ကိုယ်ပြန်မယ်'

တစ်ဖက်ခြံမှ အန်တီ ဆရာဝန်က နှုတ်ဆက်ကာ ထွက်သွားသည် ။ မိခင်လိုက်ပို့သည် ။

'နော င်'

မမ မျက်လုံးပွင့်လာသည် ။ အသံလည်း ပီသစွာထွက်ပေါ်လာသည် ။

'မမ'

'အိပ်မက်မဟုတ်ပါဘူးနော်'

‘မမအိမ်ကို ဖုန်းဆက်ပေးရမလား’

‘ဟင့်အင်း၊ မမ နောင့်နားမှာ နေချင်သေးတယ်’

‘နောင်ထွက်မပြေးပါဘူး မမရယ်၊ နောက်တော့တွေ့ကြတာပေါ့၊ ခု မမအိမ်က စိတ်ပူချင်ပူနေမှာ ၊ ဖုန်းနံပါတ်ပေးပါ မမ’

မမက မျက်ရည်သီဝေ့လာကာ ခေါင်းကိုခါရင်း…

‘နောင် မသိပါဘူး’

‘ကဲပါ မမရယ်၊ ဆေးသောက်ရအောင်နော်’

မိခင်က ဟောလစ်ဖျော်ကာ ယူခဲ့သဖြင့် သူက မမကိုဖေးမကာ ဆေးတိုက်လိုက်သည် ။ ဟောလစ်ရည် စွန်းထေးသွားသော နှုတ်ခမ်းလေးကို လက်ကိုင်ပဝါဖြင့် အသာသုတ်ပေးပြီး ခေါင်းအုံးထက်၌ အသာပြန်လှဲစေသည် ။

‘နေသာတယ်နော် မမ’

‘မောတယ်…အသက်ရှူလို့ ကို မဝချင်ဘူး’

‘မမကုနေကျ ဆရာဝန်နဲ့ ပြန်ကုရအောင်၊ မမအိမ်ကို ဖုန်းဆက်’

‘လာပြန်ပြီလား တို့ ကို နောင်မနေစေချင်ဘူးလား’

မမမျက်နှာမှာ ကြေကွဲသောအသွင်ဆောင်နေရာ သူစိတ်ထိခိုက်သွားသည် ။ သူ့မိခင်က မနေသာဘဲ…

‘နေသာသလို နေပါစေ သားရယ်၊ အိမ်က စိတ်ပူရင်လိုက်လာပါလိမ့်မယ်၊ သမီးစိတ်မချမ်းသာအောင် မပြောပါနဲ့ ကွယ်’

သူ တစ်ဖက်သားကို သနားတတ်သော မိခင်က မမကို သနားနေလေပြီ။ သူ သက်ပြင်းချကာ မမကို အကဲခတ်လိုက်သည် ။ မမက သူ့

အား ပျောက်ဆုံးသွားမှာ စိုးကြောက်သည့်အလား ငေးကြည့်နေသည် ။

‘မမ သက်သာရဲ့ လား’

မမ ခေါင်းညိတ်သည် ။ သူက စားပွဲထက်မှ တင်ထားသော ကျားမျက်လုံး ပန်းခိုင်လေးကို မမအား ကမ်းပေးရင်း…

‘အိပ်ပျော်အောင် အိပ်လိုက်ပါလား မမ’

မမက ပန်းခိုင်ကို အသာနမ်းပြီး ရင်ဘတ်ပေါ် တင်ထားကာ…

‘နောင် ဘယ်မှ မသွားနဲ့ နော်’

‘အင်းပါ မမရယ်၊ နောင်မမနားက တစ်ဖဝါးမှ မခွာဘူး၊ စိတ်ချလက်ချအိပ်’

‘တကယ်နော်’

‘ဆယ်ကယ်’

‘မာမီတို့ လာခေါ်လည်း တို့ ကို မနှိုးနဲ့ နော်’

‘စိတ်ချပါ’

လေးလံနေဟန်ရှိသော မျက်လုံးကို မနည်းဖွင့်ရင်း သူမှာ ချင်သည်တို့ ကို အားယူမှာ နေသည့် မမကို သူကရုဏာသက်စွာ ငေးကြည့်ရင်း မမလက်ကလေးကို ခပ်တင်းတင်းလေးဆုပ်ကာ…

‘မမဖြစ်ချင်တာတွေအားလုံးဖြစ်စေရမယ်၊ နောင့်ကိုစိတ်ချစမ်းပါ မမရာ’

မမ တစ်ချက်ပြုံးပြီး မျက်လုံးကိုမှိတ်လိုက်သည် ။ တစ်ခဏအတွင်း၌ပင် မမ အိပ်ပျော်သွားလေပြီ။ သူအတန်ငယ်ငေးကြည့်နေပြီးမှ မိခင်အား မျက်ရိပ်ပြကာ လေသံနှိမ့်လျက်…

‘မေမေ စောင့်နေ’

မိခင်က ခေါင်းညိတ်သည် ။ သူအသာလေး ခြေဖွနင်းကာ သူ့အိပ်ခန်းပြင်သို့ ထွက်ခဲ့သည် ။ မမ ကားထဲ၌ ဟိုဒီရှာဖွေလိုက်သည် ။ မမပိုက်ဆံအိတ်ကို တွေ့ရသည် ။

‘ဩော်…မမတောင် သူဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်တော့မှာ ပါလား’

ရင်တွင်း၌ မှတ်ချက်ချလိုက်ပြီး ဖုန်းနံပါတ်ကို အလွတ်ကျက်ကာ အိမ်ပေါ်ပြန်တက်ခဲ့သည် ။

တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ကာ မမအိမ် ဖုန်းနံပါတ်ကို လှည့်လိုက်သည် ။

‘ဟဲလို’

‘ကျွန်တော် မာလာမြိုင်က ဒေါ်ခင်နု သားပါ’

‘ဩော်…ဟုတ်ပြီ၊ သမီး ပန်းသွားဝယ်တာ၊ ခုထိမရောက်သေးလို့ အန်တီလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ဆိုပါဦး သမီးပြန်သွားပြီလား’

‘ဟုတ်ကဲ့၊ အန်တီ့သမီးအကြောင်း ပြောမလို့ ပါ’

‘သမီးက ဘာတွေများ မချေမငံလုပ်ခဲ့ပြန်ပြီလဲကွယ်၊ အန်တီတောင်းပန်…’

‘ မဟုတ်ဘူး ခင်ဗျ၊ အန်တီသမီး ကျွန်တော်တို့ ခြံထဲမှာ မူးလဲသွားလို့ ’

‘အို…ဘုရား ဘုရား…ခု…ခု…သမီး’

‘အိမ်နီးချင်းဆရာဝန်နဲ့ ကုထားပါတယ်၊ အခြေအနေကောင်းပါတယ်

၊ ဒါပေမဲ့ ခုတော့ ဆေးအရှိန်နဲ့ နုံးပြီး အိပ်ပျော်နေပါတယ်’

‘ကျေးဇူးတင်လိုက်တာ သားရယ်၊ သူတော်ကောင်းတွေနဲ့ တွေ့ပေလို့သာပဲ၊ အန်တီ အခုပဲလာခဲ့ပါ့မယ်’

‘ဩော်…အန်တီ၊ ကျွန်တော်ဖုန်းဆက်ခေါ်တယ်လို့ မမ၊ အဲ အန်တီ့သမီးကို မပြောပါနဲ့ ၊ အန်တီဘာသာကြားလို့ လိုက်လာတဲ့ အနေနဲ့ လာပါအန်တီ’

‘ဟင်…’

မမမိခင် အံ့ဩသွားမှန်း သူသိသည် ။

‘ဒီရောက်တော့ ကျွန်တော် ရှင်းပြပါ့မယ်’

‘အေးကွယ်၊ အေး အေး၊ အန်တီ ခုပဲလာခဲ့ပါ့မယ်၊ ကျေးဇူးတင်ပါတယ် သားရယ်’

စကားပြောခွက်ကို အသာချလိုက်ပြီး တွေတွေလေးရပ်ကာ ခြံထဲသို့ ငေးကြည့်နေစဉ်…

‘နောင်’

သူ လန့်ဖျပ်ကာ နောက်သို့ လှည့်ကြည့်လိုက်သည် ။ မမသည် သူ့နောက်ပါး၌ ရပ်နေသည် ။

‘မမ နိုးနေတယ်လား’

‘အိပ်မှ မအိပ်ဘဲ၊ မှိန်းနေတာ’

‘ဒုက္ခပါပဲ’

မမ မျက်နှာကွက်ခနဲ ပျက်သွားသည် ။ ညင်သာစွာ သူ့နား လှမ်းလာသဖြင့် စိုးထိတ်စွာဖြင့် မမကို သူအသာတွဲကာ ကုလားထိုင်၌ ထိုင်စေသ

ည် ။

'ဘာပန်းတွေယူမှာ လဲ၊ အဒေါ် သွားခူးပေးမယ်'

သူ့မိခင်က သက်ပြင်းငွေ့ငွေ့ချကာ သူတို့ နှစ်ဦးအရိပ်အခြည်ကို အကဲခတ်ပြီး သူတို့ အပါးမှ ရှောင်ထွက်ရန် လမ်းစရှာလိုက်သည် ။ မမက လက်ပြကာ…

'ဘာပန်းမှ မယူတော့ပါဘူး အန်တီ'

'ဟင်…ပန်းလာဝယ်တာဆို'

'ဟုတ်တယ်နောင်၊ မနက်ဖြန် တို့ စေ့စပ်ပွဲလုပ်မလို့ ပန်းလာဝယ်တာ
'

'ဟင်…မမစေ့စပ်ပွဲ'

'ဒါပေမဲ့ မလုပ်တော့ဘူး၊ မာမီတို့ ကိုပြောပြီး ဖျက်ခိုင်းလိုက်မယ်'

'အို…ကလေးရယ်၊ လူကြီးတွေ မျက်နှာပျက်ကုန်မှာ ပေါ့'

မမက ပြုံးကာ ခေါင်းခါလိုက်သည် ။

'မပျက်ပါဘူး အန်တီ၊ သူတို့ တောင် တာဝန်ပေါ့သွားဦးမှာ '

မမစကားကို သူကော မမပါ နားမလည်ကြချေ။ မမကတော့ ရွှန်းလဲ့စွာပြုံးရင်း…

'နောင်'

'ဟင်'

'နောင့်ကို ပြန်တွေ့ရတာ တို့ သိပ်ပျော်တာပဲ၊ နောင်ကော'

သူ စိတ်ထဲက ဒိန်းခနဲ ခုန်သွားသည် ။ တစ်ဆက်တည်းဆိုသလို သိရှိ

ကို သတိရသွားကာ ရင်၌ နွမ်းလျသွားသည် ။ သို့သော် မိမိမျက်နှာကို မျက်တောင်မခတ်တမ်းကြည့်နေသော မမ ကျေနပ်စေရေးအတွက် အတတ်နိုင်ဆုံးပြုံးကာ…

'နောင်လည်း မမလိုပဲပေါ့'

သူ့မိခင်က အသာအယာ ခြံထဲဆင်းသွားသည် ။ သူ့မိခင်လည်း သားအတွက် ရတက်မအေးဖြစ်နေကြောင်းကို သူရိပ်မိပါသည် ။

'တို့ လေ…နောင့်ကို တစ်ရက်မှ မမေ့ခဲ့ဘူး၊ သွားလေရာရာမှ နောင့်ကို တွေ့နိုးရှာခဲ့တယ်၊ တွေ့မယ့် တွေ့တော့လည်း အမယ်လေး ကံသီလို့ကွယ်'

မမက သူပြောချင်ရာကိုပြောနေသည် ။ သူ့ရင်ထဲလည်း မမကို တိတ်တခိုး မေးမြန်းနေသည် ။

'နောင့်ကို တစ်နေ့မှ မေ့မရပေလို့ ပဲ စေ့စပ်တော့မယ့်အခြေအနေအထိ ရောက်လာတာပေါ့နော်'

ဟု ခနဲ့ စကား ဆိုလိုပါသော်လည်း ရင်၌ပင် သိုသိပ်ထားလိုက်သည် ။ မမပျော်နေသည် ကိုသာ သူကြည့်လိုပါသည် ။

'နောင့်ကို ဒီလောက် ပြင်းပြင်းထန်ထန် အနာတရဖြစ်သွားမယ်လို့ တို့ မထင်ခဲ့ဘူး'

'ဝဋ်ကြွေးပေါ့ မမရယ်'

'တို့ ကြောင့် နောင် ဒီလိုဖြစ်သွားတာဆိုပြီး တို့ ကိုစိတ်မနာဘူးလားဟင်'

သူ့ရင်ထဲ လှိုက်မောသွားသည် ။ ညာသောအလုပ်ကို သူမလုပ်ချင်

ဘူး။ သို့သော် မမအတွက် သူ မုသားဆိုရတော့မည်။

‘စိတ်နာမှ တော့ မမကို တွေ့တာနဲ့ နောင်ရှောင်နေလိုက်မှာ ပေါ့’

‘နောင့်ရည်မှန်းချက်တွေ တို့ ကြောင့် ပျက်သွားပြီပေါ့နော်၊ နောင်’

တွေ့ရခဲလွန်းသော မမ၏ ကရုဏာ မျက်ဝန်းကို သူငေးမိသည် ။ မမ က နှစ်ခြိုက်စွာပြုံးရင်း…

‘တို့ ကြောင့် နောင့်ဘဝ ပန်းတိုင်မရောက်ခဲ့ရတာကို တို့ အလျော် ပေးမယ်လေ’

‘နောင်…မမဆီက ဘာမှ မလိုချင်ပါဘူး’

သူက လေးတွဲ့စွာ ဆိုလိုက်သည် ။ မမမျက်နှာက ဝေခွဲမရသောအသွင်ဖြင့် စိတ်ရှုပ်ထွေးသွားဟန်ရှိသည် ။

‘နောင် အလျော်မလိုချင်လည်း တို့ ကပေးမယ်၊ နောင်ယူရမယ်’

တစ်ယူသန် တစ်ဇွတ်ထိုးနိုင်လွန်းသော မမထံမှ ဆက်လာမည့်စကားကို သူမကြားဝံ့ချေ။ ရင်ထဲကြေကွဲစွာဖြင့် မောဟိုက်နေသည် ။

‘အခါနှောင်းသွားပြီ မမရယ်’

သူ ညည်းတွားလိုက်မိသည် ။ မမကတော့ သူ့ခံစားချက်ကိုမသိ၍လား၊ သို့တည်းမဟုတ် သိလျက်နဲ့ ဥပေက္ခာပြုထားလေသလား သူ ဝေခွဲမရ။ တက်ကြွစွာဖြင့် ပြုံးပန်းဝေနေသော မမက…

‘မမေးတော့ဘူးလား နောင်’

‘ဘာကိုမေးရမှာ လဲ’

‘တို့ ပေးမယ်ဆိုတဲ့ အလျော်လေ’

'အလျှော်ပေးတယ်ဆိုတာ ခံရတဲ့ သူက မကျေနပ်လို့ တောင်းဆိုတဲ့ အခါမှ ပေးရတာပါ၊ မတောင်းဘဲ မပေးရဘူး'

သူက မာန်တင်းကာ မချိုပြုံးဖြင့် စကားဆိုလိုက်ရာ မမ မျက်နှာ သုန်မှုန်သွားပြီး...

'အိုကွာ...တို့ ကတော့ တောင်းတောင်း မတောင်းတောင်းပေးမှာ ပဲ'

'နောင် မယူချင်ဘူး မမ'

သူက ခပ်တင်းတင်းလေး စကားဆိုလိုက်သည် ။ မမက ထိုင်ရာမှ ဝုန်းခနဲထကာ-

'ဘာ'

'နောင် အလျှော်မလိုချင်ဘူး'

မမမျက်လုံးသည် ဝင်းဝင်းတောက် လာပြီး မျက်ရည်များက ရစ်သိုင်းလာရာ သူ စိုးထိတ်စွာဖြင့်...

'နောင့်ဆိုလိုချက်ကို မမသဘောပေါက်ရင် မမစိတ်ဆိုးမှာ မဟုတ်ပါဘူး၊ ပြန်ထိုင်ပါ မမ'

'မင်းက တို့ စကားကိုပိတ်လိုက်တာကိုး၊ တို့ ဝမ်းနည်းတယ်၊ မင်းက တို့ မင်းအတွက် ခံစားခဲ့ရတာကို မသိချင်ဟန်ဆောင်နေတာလား နောင် ၊ တို့ လည်း ခံစားတတ်ပါတယ်'

သူ့အတွက် အခက်ကြုံနေရပြီ။ စိတ်ကို ထိန်းချုပ်ထားရသဖြင့် သူလည်း ပင်ပန်းနေပြီ။

'ရန်ကုန်ကို ပြန်ခေါ်လို့ တို့ မင်းကိုနှုတ်ဆက်ခွင့်မရဘဲ ပြန်ခဲ့ရတယ်၊ ရန်ကုန်ရောက်တော့ နောင့်ဆီကို စာအကြိမ်ကြိမ်ရေးပြီး ဆက်သွယ်တ

ယ်၊ ပြန်စာမလာဘူး၊ နေကောင်းတာနဲ့ မော်လမြိုင်ကိုပြေးပြီး နောင့်ကို ရှာတော့ နောင် ပြောင်းသွားပြီဆိုတာပဲ သိခဲ့ရတယ်၊ တို့ လေ နောင့်ကို …’

တီတီ…တီတီ…တီတီ…

ကားဟွန်းသံကြောင့် မမ မျက်ရည်များကို အသာတို့ ကာ ပြုံးလိုက်သည် ။

‘မာမီတို့ လိုက် လာပြီ’

သူ အိမ်ရှေ့တံခါးဝထွက်ကာ ကြိုလိုက်သည် ။

‘ဟင်’

သူအံ့သြသွားသည် ။ လောကကြီး၌ နာမည်တူမရှား လူတူမရှား ရှိသည် ဆိုသောစကားကို လက်ခံရမလို ဖြစ်နေသည် ။

‘မာမီ’

‘သမီး’

‘လီလီ…သက်သာသွားပြီလား’

မမက မိခင်ရင်ခြား တို့ ဖေ့ကာ ငိုချလိုက်သဖြင့် သူမျက်စိမျက်နှာ ပျက်သွားသည် ။ ထို့အတူ မမ မိခင်နှင့်အတူပါလာသော လူသည် လည်း မျက်နှာ မသာမယာဖြစ်သွားသည် ။

‘သမီးကတော့ ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲကွယ်၊ ကားကိုမ မောင်းရဘူးဆိုတာလည်း မောင်းသွားတယ်ကွယ်’

‘မာမီ’

မမက မိခင်ရင်ခွင်မှ ထွက်ကာ သူ့အား ညွှန်ပြရင်း…

‘ဒါ…နောင်လေ၊ မာမီ’

‘ဟင်’

မမ မိခင် မျက်စိမျက်နှာ ပျက်သွားသည် ။

‘နောင်…ဒါ တို့ မာမီ၊ သူက တို့ နဲ့ စေ့စပ်မယ်ဆိုတဲ့ ဒေါက်တာ ဇော်မွန်ဦးပါ၊ နောင်နဲ့ တူတယ်နော်၊ ဒါကြောင့်လည်း ၊ အို…ပြန်ရအောင် မာမီရယ်’

‘ပြန်တော့မလား၊ ရော့ သမီးအတွက် ပန်းလက်ဆောင်၊ သူငယ်ချင်းအချင်းချင်း ပြန်တွေ့တဲ့ အထိမ်းအမှတ်လက်ဆောင်’

သူ့မိခင်က ပိန်းပန်းတစ်ထုပ်ကို မမအား ကမ်းပေးလိုက်ရာ မမက ရိုသေစွာယူရင်း…

‘ကျေးဇူးတင်ပါတယ် အန်တီ၊ သမီး ဘုရားတင်ရင်း ဆုတောင်းလိုက်ပါမယ်၊ ဒါထက် နောင့်အိပ်ခန်းမှာ တို့ ပန်းလေး ယူပေးပါဦး’

သူက ချာခနဲလှည့်ကာ မမ စေခိုင်းသည့် အတိုင်း အိပ်ရာထက်မှ ကျားမျက်လုံး ပန်းကို ယူလိုက်သည် ။ လှေကားထစ်သို့ရောက်နေသော မမကို ပန်းပေးရင်း

‘မမ စိတ်လိုက်မာန်ပါ မဆုံးဖြတ်နဲ့ နော်၊ နောင့်ဇနီးကလည်း ဒီနေ့မှ နောက်ကျလိုက်တာ၊ မမနဲ့ မိတ်ဆက်ပေးမလို့ ဟာ’

သူက အားတင်းထားသော ထိုစကားစုကို အထစ်အငေါ့မရှိ ပြောလိုက်နိုင်သဖြင့် ရင်ထဲ ပေါ့သွားသည် ။ သို့သော် မမကပြုံးလျက်…

‘နောက်နေ့တွေ တို့ လာမှာ ပဲ၊ အဲဒီတော့မှ မိတ်ဆက်ပေးပေါ့၊ အဟင်း ဟင်း၊ သွားမယ်’

မမ၏ လှောင်ပြုံးကို သူ ရင်ဖိုစွာ ခံယူလိုက်သည် ။ ဝေးသွားသော ကားနှစ်စီးကိုကြည့်ရင်း ဆောက်တည်ရာမရသောစိတ်နှင့် မိခင်အား အားကိုးတကြီးကြည့်ကာ…

'မေမေ'

'ဘာလဲ သား'

'သူ့ကို ဘယ်သူလို့ ထင်သလဲ'

'သူ ဘယ်သူလဲလို့ ထင်စရာမလိုဘူးလေ၊ မေမေက သူ့ကိုသိနေတယ် '

'ဟင်'

မိခင်ကို သူအံ့ဩစွာ ကြည့်လိုက်မိသည် ။

'သူဟာ သားဘဝကို ပြောင်းလဲပေးလိုက်တဲ့ သားစွဲလမ်းခဲ့တဲ့ မိန်းကလေးမှန်း မေမေ သိပါတယ်၊ ဘာတဲ့ သူ့နာမည်၊ သြော်…လီလီမောင်၊ ဟုတ်တယ်နော် သား၊ သူ့နာမည် လီလီမောင်'

သူခေါင်းညိတ်လိုက်သည် ။

'သြော်…လီလီမောင်၊ လီလီမောင်၊ သားဘဝကို ဘယ်လိုများ ကြိုးကိုင်ဦးမှာ လဲကွယ်'

မိခင်က ညည်းတွားလိုက်သည် ။ သူ့ရင်ထဲ တုန်လှုပ်နေသည် ။ မမနှင့်ပတ်သက်သော ရင်ခုန်မှုသည် ဆယ်ကျော်သက် ဘဝတုန်းကလိုပါလား။

* * *

# အခန်း (၃)

(လွန်ခဲ့သော ရှစ်နှစ်ခန့်ကဖြစ်သည် ။ မောင်လမြိုင်မြို့)

ရွှေနတ်တောင် အ ထ က ၌ နောင် ဒသမတန်း၌ ပညာသင်ယူနေစဉ်…

'ဟုတ်တယ်ကွ၊ လီလီမောင်တဲ့ ၊ ဆေးတပ်က ဗိုလ်မှူးတူမတဲ့ '

နောင်လတ်ရင်ထဲ လှုပ်ရှားသွားသည် ။ လီလီမောင်ဆိုသော ကျောင်းသူကလေး ကားပေါ်မှ ဆင်း လာပြီး ကျောင်းဆောင်ဆီသို့ လျှောက်လာပုံကို အပေါ်ထပ်ဝရန်တာမှ ငုံ့ကြည့်နေမိသည် ။

'ဟ ဘယ်လိုလဲ၊ မီးတစ်တို့ လောက်'

'ဟာကွာ'

နောင်လတ် မျက်လုံးရှေ့၌ ဖောင်တိန်နှင့် ဆေးလိပ်မီးညှိသလို လာလုပ်သော စောဦးကို သူက တွန်းဖယ်လိုက်သည် ။

သူ့မြင်ကွင်း၌ လီလီမောင်မရှိတော့ချေ။

'သူက ဘယ်အတန်းမှာ လဲ'

'ဘယ်သူလဲ'

'ဟာကွာ လီလီမောင်ကို ပြောတာပေါ့'

‘တို့ အတန်းမှာ လေ၊ မနေ့က တက်တယ်’

‘ဟင်…ငါလည်း မသိပါလား’

‘မင်းက ကျောင်းကောင်စီကိစ္စနဲ့ အလုပ်ရှုပ်နေတာကိုး၊ ရှူး…တက်လာပြီ’

စောဦးက အသာအယာ လှေကားထိပ်သို့ မေးငေါ့ပြလိုက်ရာ နောင်လတ် ငေးမောကြည့်မိသည် ။ လှသည် ။ အတော့်ကိုလှသည် ။ သူမြင်ဖူးသမျှ မိန်းကလေးများ ထက် လီလီမောင်သည် အလှဆုံး ဖြစ်ပေသည် ။ မေမေပြောသော ပုံပြင်ထဲမှ နတ်သမီးလေးများ ပင်လျှင် သူ့လောက်လှပါ့မလားဟု တွေးမိသည် ။

ကျောင်းဝတ်စုံကို သေသပ်စွာ ချပ်ချပ်ရပ်ရပ် ဝတ်ထားသဖြင့် ကိုယ်လုံးအလှမှာ ပေါ်လွင်သည် ။ ဆံပင်ကိုအပြောင်သိမ်းကာ မြင့်မြင့်ကလေး စုစည်း ချည်နှောင်ထားသဖြင့် မျက်နှာအလှမှာ တင်းတင်းရင်းရင်းရှိလေသည် ။

‘ရှော့ကွာ’

စောဦးက တစ်စုံတစ်ခုကောက်သလိုပြုပြီး သူ့မျက်လုံးကို လာပိတ်ရာ သူက ပုတ်ထုတ်ပစ်ပြီး…

‘ဘာလဲဟ၊ ဖယ်စမ်းပါ’

‘မျက်လုံးလေ…မျက်လုံး၊ ပြန်ကောက်ပေးတာ’

‘ဝါး…ဟား…ဟား…ဟား…ဟား’

ဝရန်တာမှ ရပ်နေသော ကျောင်းသားတစ်စုထံမှ ရယ်မောသံ ထွက်ပေါ်လာရာ၊ နောင်လတ် ရင်ထဲ စိုးရိမ်စိတ်ဝင်သွားသည် ။ လီလီမောင်

ဘယ်သို့ ရှိနေသွားမလဲ၊ ရက်ကာ ခြေလှမ်းမှားသွားလေမလားဟူသော အတွေးဖြင့် လီလီမောင်ကို လှမ်းကြည့်မိပြန်သည် ။ သို့သော် ထူနေအောင် စေ့ထားသော နှုတ်ခမ်းက မာနတံခွန် ထူထားသည့်အလား ရှိနေသည် ။ နည်းနည်းလေးမှ အမူအရာမပျက်။ ထီမတင်ပုံစံနှင့် ခြေလှမ်း မှန်မှန် လှမ်းလျက် ဒဿမတန်း(က)ထဲသို့ ဝင်သွားလေသည် ။

လူလားမြောက်စ သူ့နှလုံးသားပြင်၌ သက်ဝင်လှုပ်ရှားမှုကို စတင်မွေးဖွားခံစားလိုက်ရသည် ။ ထိုအချိန်မှ စ၍ နောင်လတ်သည် လီလီမောင်ကို အတန်းတွင်း၌ မကြာခဏ ခိုးကြည့်ရင်းဖြင့် နှလုံးသားစည်းချက်သံလေးများကို ကြားယောင်လာသည် ။

'နောင်လတ်'

စောဦးက သူ့ခြေထောက်ကို ကန်ကျောက်ကာ

'ဟေ့ကောင်...နောင်လတ် ခေါ်နေတယ်လေ'

'ဗျာ'

ဆရာမ ဒေါ်ဖြူနုစံရှိရာသို့ လှမ်းကြည့်လိုက်ရာ၊ ဆရာမက မျက်မှောင်ချီကာထားသော်လည်း နှုတ်ခမ်းထောင့်စွန်းက အပြုံးရိပ်ဆင်နေသည် ။

'မောင်နောင်လတ်၊ ဘာငေးနေတာလဲ'

သူလက်ပိုက်ကာ ရပ်ရင်း ဆင်ခြေပေးရန် စဉ်းစားလိုက်သည် ။ စောဦးက ဝင်၍

'သူ အုန်းသီးထဲမှာ ရေဘာလို့ ရောက်နေတာလဲလို့ စဉ်းစားရင်း ငေးနေတာဆရာမ'

‘ဝါး…ဟား…ဟား…ဟား’

တစ်တန်းလုံးရယ်မောသံ အုန်းအုန်းကြွက်ကြွက် ညံသွားသည် ။ နောင်လတ်က ထိုကြားထဲမှ လီလီမောင်မျက်နှာကို လှစ်ခနဲ ခိုးကြည့်လိုက်သည် ။ အရယ်အပြုံးမရှိသော လီလီမောင်ကို အံ့အားသင့်သွားသည် ။ ထိုစဉ်…

ဒေါ်ဖြူနုစံက စားပွဲကို ဘောဖျက်ဖြင့် ခေါက်ကာ သတိပေးမှ ရယ်ရှိန်သပ်လိုက်ကြသည် ။ နောင်လက်က မျက်နှာငယ်လေးဖြင့် ဆရာမကို လှမ်းကြည့်လိုက်ရာ

‘ကိုင်း နောင်လတ်၊ ထွေရာထွေရာတွေ စိတ်ကူးမနေနဲ့ ၊ ဒီနှစ်ဟာ အရေးအကြီးဆုံးဆိုတာ မင်းသိတယ်မဟုတ်လား’

‘ဟုတ်ကဲ့’

‘ဆရာမတို့ အားလုံးက မင်းကို အားအထားဆုံးဆိုတာလည်း သိတယ်နော်’

‘ဟုတ်ကဲ့’

‘ယုံကြည်မှုကို စိတ်ချလက်ချ ထားချင်တယ် မောင်နောင်လတ်၊ အခြားစိတ်မကူးနဲ့ ’

‘ဟုတ်ကဲ့’

‘ကဲ…ကဲ…ထပါ၊ ဆရာမသွားမယ်၊ ဒီစာအုပ်တွေဝေပြီး ရုံးခန်းလိုက်ခဲ့၊ ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲအတွက် အလုပ်ကိစ္စတွေ ရှိသေးတယ်’

ဆရာမက စာအုပ်ကိုင်ကာ မတ်တတ်ရပ်လိုက်သဖြင့် နောင်လတ်

က…

‘တန်း ထ’

‘မင်္ဂလာပါ ဆရာမ’

‘မင်္ဂလာပါကွယ်’

ဆရာမထွက်သွားမှ

‘တန်းထိုင်’

နောင်လတ်သည် ပြောပြောဆိုဆိုဖြင့် ရှေ့စားပွဲသို့သွားကာ စာအုပ်များ ဝေလိုက်သည်။ စောဦးက ကူ၍ ဝေရာ…

‘ဟိုက် ပြဿနာပဲ’ ဟု သူမြည်တမ်း လိုက်မိသည် ။ သူ့စားပွဲပေါ်၌ လီလီမောင်၏ စာအုပ်ရောက်နေသည် ။ထိုစဉ်…

‘ဘုတ်’

သူ့စာအုပ်သည် အတန်းရှေ့ ကွက်လပ်သို့ လွင့်ပစ်ခြင်း ခံလိုက်ရသည် ။ စောဦးက နောင်လတ်၏ စာအုပ်ကို လီလီမောင်ခုံပေါ်သို့ သွားတင်ပေးလိုက်သဖြင့် ထိုသို့လွင့်ပစ်ခံလိုက်ခြင်း ဖြစ်သည် ။

တစ်တန်းလုံးထိတ်ကာ နောင်လတ်ကို တစ်လှည့် လီလီမောင်ကို တစ်လှည့် ကြည့်နေကြသည် ။ နောင်လတ်ဘက်မှ အတော်ခံပြင်းနေကြသည် ဟန်တူသည် ။

‘ဆောရီး…ဆောရီး’

စောဦးက သူလုပ်ခဲ့သောအလုပ်ကို သူပင် ဖြေရှင်းလိုက်သည် ။ နောင်လတ် စာအုပ် ကောက်ယူလိုက်သည် ။ နောင်လတ် ရင်က ခံပြင်းသွားသော်လည်း အပြုံးမပျက်၊ လီလီမောင်စာအုပ်ကိုကိုင်ကာ လီလီမောင်ရှိ

ရာခံသို့ သွားကာ စာအုပ်ကို တရိုတသေ တင်ပေးလိုက်ရာ…

‘ဖြောင်း…ဖြောင်း…ဖြောင်း’

အတန်းက ကျောင်းသားအချို့က လက်ခုပ်တီးကာ ဩဘာပေးကြသည် ။

လီလီမောင်က မျက်လွှာပင့်ကာ သူ့ကို တစ်ချက်ကြည့်လိုက်ရာ အကြည့်ချင်းဆုံမိသည် ။ စူးရှသော လီလီမောင့်အကြည့်သည် သူ့နှလုံးသားကို ပြာကျစေသည် ။ လီလီမောင့် အကြည့်ထဲ၌ ပါသော အငွေ့အသက်သည် သူ့အား အသိအမှတ်ပြုသောအကြည့်၊ သူ့နှလုံးသားကိုဖမ်းစားလိုက်နိုင်သော အကြည့်ဖြစ်ကြောင်း နောင်လတ်သိလိုက်သည် ။

အပြုံးရိပ်မရှိသော လီလီမောင့်မျက်နှာပြင်ကို နောင်လတ် စိတ်ဝင်စားလာသည် ။ ရိုင်းပျသော လီလီမောင်၏ လုပ်ဆောင်ချက်ကို သူက ဆန့်ကျင်ကာ ယဉ်ကျေးပစ်လိုက်ခြင်းအတွက် လီလီမောင်ရင်ထဲ ခံစားချက် လုံးဝမရှိလေဘူးလားဟု တွေးကာ သူရင်ခုန်လာသည် ။

သူကမ်းပေးသော စာအုပ်ကိုယူကာ ခုံစောင်းဖွင့်ထည့်လိုက်သော လီလီမောင်ကို ကျောခိုင်းရင်း ရင်တွင်းမှ နေ၍ ‘မိုးပေါ်က မမရယ်’ဟု သူကင်ပွန်းတပ်လိုက်သည် ။ ထိုစဉ် သူတို့ တပ်နယ် ရုပ်ရှင်ရုံ၌ ရိုက်စပီးယား၏ ဝတ္ထုကို မှီးငြမ်းသည့် မြန်မာရုပ်ရှင်ကား ‘မိုးပေါ်ကမမ’ ပြနေစဉ်ကာလ ဖြစ်သည် ။ ညက သူ ထိုကားကြည့်ခဲ့သေးသည် ။ သက်တူရွယ်တူဖြစ်မည်ကိုသိသော်လည်း သူ့ရင်ထဲတော့ ‘မမ’ဟု သာ အသိအမှတ်ပြုလိုက်သည် ။ မာနမင်းသမီးကိုး။

‘လီလီဆိုတာ နှင်းပန်းလေးဆို နောင်လတ်’

‘အင်း’

'မင်းကြည့်ရတာ ငေါင်လိုက်တာ'

'လှနတ်သမီး ဖမ်းစားနေပြီကွ'

သူက အသံကိုနှိမ့်ကာ စောဦးကို နှစ်ကိုယ်ကြား ပြောလိုက်သည် ။

'မလွယ်ဘူး၊ ရူးနိုင်နေပြီ၊ ဒီလောက် ဘဝင်မြင့်ပုံရနေတဲ့ ရုပ်ကိုများ '

'ကြွေ့ရှိတာပါကွာ'

လီလီမောင်ဘက်မှ မခန့်အပ်ဘဲ ရှေ့နေလိုက်မိသည့်နောင်လတ်ကို စောဦးက စပ်ဖြဲဖြဲကြည့်ကာ...

'နာမည်က နှင်းပန်းမောင်ပေါ့၊ နာမည်က အေးသလောက် လူက ပူမယ့်ပုံပဲ၊ ပူတယ် မပူတယ် မသိဘူး၊ မင်းအတွက် ငါအခုပူနေရပြီ။ ဆရာမ ခေါ်ထားတာ မေ့နေပြီမဟုတ်လား'

'ဟိုက်...ဟုတ်ပါရဲ့ ဒိုးမှ '

နောင်လတ်သည် သူ့နဖူးသူရိုက်ကာ အတန်းပြင်သို့ ခြေလှမ်းကျဲဖြင့် ထွက်ခဲ့သည် ။ အတန်းတွင်းမှ ထွက်ခါနီး လီလီမောင်ရှိရာသို့ ငဲ့စောင်းမကြည့်မိရန် စိတ်ကိုအတော်ထိန်းချုပ်လိုက်ရကြောင်းကို သူ့ကိုယ်သူသာ လျှင် သိပေသည် ။

လူပျိုရွယ်ထူးအရွယ်များ ပေါက်ဖွားလာခဲ့သော မေတ္တာတရားဖြစ်သောကြောင့် နောင်လတ်သည် လီလီမောင်အပေါ် မေ့မေ့မူးမူး စွဲလမ်းသွားခဲ့သည် ။

* * *

## အခန်း (၄)

**‘ကျောင်း’ ဟူသည် အနာဂတ်၏ သားကောင်းရတနာများကို ထုတ်လုပ်ပေးနေသော စက်ရုံကြီးဖြစ်ပေသည် ။**

လူငယ်များကို ပြုစုပျိုးထောင်ရာ၌ ပြဋ္ဌာန်းထားသောသင်ခန်းစာများကို ကျွမ်းကျင်တက်မြောက်ရုံဖြင့် မလုံလောက်ပေ။

‘ဘက်စုံယှဉ်ဖြင့်စက်ကုန်နှင်’ ဟူသော ဆောင်ပုဒ်နှင့်အညီ အနာဂတ်အတွက် လူငယ်များကို ဉာဏဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ဆရာ၊ ဆရာမများက ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည် ။

ရွှေနတ်တောင် အထကတွင် ကျောင်းသားများ ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ကဏ္ဍအဖြစ် အရေးပါသော ကာယ ဖွံ့ဖြိုးမှုအတွက်လည်း ညနေတိုင်း ပီတီချိန်တွင် အခြေခံစစ်ပညာနှင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို လေ့ကျင့်ပေးလျက်ရှိခဲ့၏။ သို့မှ သာ (အာရောဂျံ ပရမံ လာဘံ) ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည် ။ ကျန်းမာမှ ဉာဏ်ရွှင်ကာ ပညာသင်ကြားရေးကို အထောက်အပံ့ပေးနိုင်မည်ဖြစ်သည် ။

‘ချိန်မှတ်’

နောင်လတ်၏ အောင်မြင်သော အသံဝါက ကွင်းလုံးပျံ့သွားရာ ဒသ မတန်း ကျောင်းသူကျောင်းသား အားလုံး၏ ဘယ်ညာလိုက်သံမှာလည်း ပျံ့လာသည် ။

'ဘယ်ညာ...ဘယ်ညာ...ဘယ်ညာ...ဘယ်'

နောင်လတ်ကအမိန့်ပေးရင်း အမှတ်မထင် လီလီမောင်ရှိရာသို့ မျက်စိရောက်သွားရာ ရင်ထဲထိတ်ခနဲ ဖြစ်သွားသည် ။

'တန်းရပ်'

လီလီမောင် မောဟိုက်နေပေပြီ၊ ထို့ကြောင့် သူတန်းရပ်ပစ်လိုက်သည် ။

'သက်သာ'

'အေးစေ'

'တစ်'

'ရှေ့ကြည့်'

'တစ်'

'အားလုံး...သတိ'

'တစ်'

'သွေးပူလေ့ကျင့်ခန်း အမှတ် တစ်...စလုပ်'

ကာယနည်းပြဆရာက အတန်းလိုက် စစ်ဆေးနေပြီ။ စင်မြင့်ပေါ်မှ နောင်လတ်က ကွင်းလုံးဆီးမြင်နေရသည် ။ သူကိုယ်တိုင်လည်း လုပ်နေရသည် ။ လီလီမောင်မဆိုးပါ။ လုပ်နိုင်သည် ။ မျက်နှာမှာ နွမ်းလျနေပုံရသော်လည်း မာန်မလျှော့သူ၏ မျက်နှာထားမျိုးမို့ တင်းတင်းကလေးရှိ

နေသည် ။

အမှတ်(၂)ကိုပါ ဆက်၍ လေ့ကျင့်စေရာ

'လေး သုံး ခါးရှေ့ကိုင်း'

'တစ်နှစ်'

ခါးကိုင်းပြီး ပြန်မတ်စဉ်

'ဟာ'

ကွင်း၌ ရုတ်ရုတ်သဲသဲဖြစ်သွားသည် ။ သူထူပူသော အမိန့်ပေးသံကို ဆက်လက်မပေးမိတော့။ လီလီမောင် ခွေခနဲ လဲကျသွားသည် ကို သူမြင်လိုက်ရသဖြင့် စားပွဲပေါ်မှ ဆင်းဟန်ပြင်လိုက်ရာ

'အမိန့်ဆက်ပေးပြီး ဆက်လုပ် နောင်လတ်'

ကာယဆရာက သူ့အား လှမ်းပြောလိုက်သဖြင့် သူမဆင်းဖြစ်တော့။

'အားလုံးသတိ'

လီလီမောင်ကို သူ့သူငယ်ချင်းအေးမိစံနှင့် အတန်းပိုင်ဆရာမက တွဲခေါ်သွားသည် ။ စိုးရိမ်သော်လည်း မူမပျက်စေရန် အမိန့်ပေးရင်း ဆက်လက်လေ့ကျင့်လိုက်ရသည် ။

ထို့နေ့မှ စ၍ ကာယချိန်တိုင်း လီလီမောင်လေ့ကျင့်ခန်းလုပ်ရာတွင် မပါဝင်တော့ချေ။ သို့သော် ကျောင်းအပေါ်ထပ် ဝရန်တာပေါ်မှ ကွင်းပြင်သို့ ငေးမောကြည့်နေတတ်သော လီလီမောင်ကိုကြည့်ကာ သနားစိတ်ဝင်လာသည် ။ အတန်းပိုင်ဆရာမကို မေးမိသည် ။

'ဆရာမ...လီလီမောင်က ကာယ ဘာလို့ မလုပ်တော့တာလဲ'

'အမောမခံနိုင်ဘူးတဲ့ ၊ သိပ်မောလာရင် အသက်ရှူကျပ်ပြီး မူးလာတ

တ်တယ်တဲ့ လေ၊ ဟိုနေ့က မင်းအမြင်ပဲမှတ်လား’

သူဘာမှ ထပ်မမေးတော့။ လီလီမောင်နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ ဆက်ဆံကာ ဖေးမကူညီလိုသော်လည်း ခပ်တန်းတန်းလေးနေတတ်ပြီး အတန်းသား ကျောင်းသူအချင်းချင်းကိုပင် မေးမှ ပြော ခေါ်မှ ထူးတတ်သည် ။ သို့သော် စာတော့ တော်သည်ဆိုရမည်။ သို့သော် နောင်လတ်၏ ပထမနေရာကိုတော့ လီလီမောင် မယူနိုင်ချေ။

‘နောင်လတ်’

‘ဟင်’

နောင်လတ်က ညက မလုပ်မိသော အိမ်စာများကို ကျောင်းရောက်ရောက်ချင်း ကမန်းကတန်း ကုန်း၍ တွက်နေစဉ် အေးမိစံရောက်လာသည် ။

‘နင် ဘယ်ကျူရှင်မှာ တက်သလဲ’

‘ထူးထူးဆန်းဆန်းပါလား မိစံ’

အေးမိစံနှင့် နောင်လတ်သည် တစ်ထပ်တည်းနေပြီး တပ်နယ်ယာဉ်ကျောင်းကားကို တူတူစီးကာ ကျောင်းတက်နေကြသူများ ဖြစ်ကြသဖြင့် ရင်းနှီးကြသည် ။ နောင်လတ် ဘယ်ကျူရှင်မှ မယူကြောင်းကို အေးမိစံ သိပါလျက်နှင့် မေးလာသဖြင့် နောင်လတ်အတွေး၌ ထူးခြားစွာသံသယဝင်မိသည် ။

‘နင် ကျူရှင် တိတ်တိတ် ကျိတ်ယူနေသလား။ ဘယ်ကျူရှင်လဲသိချင်လို့ ’

‘ကြံကြံဖန်ဖန် ငါကဘာလို့ ကျူရှင်ယူရမှာ လဲ။ ငါတစ်ခါမှ မယူဖူး

ဘူး၊ ကျောင်းမှာ ဆရာ ဆရာမတွေ သင်တာနဲ့ တင် လုံလောက်နေပါပြီ၊ ကျူရှင်ယူတာက အချိန်တောင်ကုန်သေးတယ်၊ ငါမသိတာရှိရင် ဆရာ၊ ဆရာမတွေဆီ စက်ဘီးနဲ့ ပြေးပြီး မေးတတ်တာတော့ ရှိတယ်။ ဘာဖြစ်လို့ နင်ဒီလောက်တောင် သိချင်နေရတာလဲ'

'နင်ကျူရှင်မယူဘဲ အမြဲပထမရနေတယ်ဆိုတာ မယုံတဲ့ သူ ရှိနေလို့ '

'ဘယ်သူလဲ'

'နင်မသိချင်ပါနဲ့ ၊ သူက ငါ့ဘာသာမေးတဲ့ အနေနဲ့ မေးပါဆိုလို့ မေးရတာ၊ နင် ကျူရှင်မယူတာ ငါသိသားပဲ၊ ဒါပေမဲ့ ရှင်းအောင် မေးပြရတာ '

'ဘယ်သူ မေးခိုင်းတာလဲ၊ လီလီမောင်လား'

အေးမိစံက ခေါင်းညိတ်လိုက်ရင်း…

'နင်က လျင်သားပဲ၊ သူက နင့်ကို မနာလိုဖြစ်နေတယ်'

နောင်လတ်က အံ့ဩစွာ သံယောင်လိုက်သည် ။

'ငါ့ကို မနာလိုဖြစ်နေတယ်မဟုတ်လား'

'အင်းလေ၊ သူက ရန်ကုန်မှာ နာမည်ကြီးကျူရှင်တွေတက် အကောင်းဆုံးကျောင်းမှာ နေခဲ့တာ၊ ပထမ အမြဲရတယ်တဲ့ ။ ခုမှ ဒုတိယ ဖြစ်ရတယ်ဆိုပြီး ငိုလည်း ငိုတယ်၊ နင် ဘယ်ကျူရှင် ယူသလဲဆိုတာလည်း မေးခိုင်းတယ်'

'ဟုတ်လား၊ ငိုတယ်'

နောင်လတ်မှာ ဝမ်းနည်းရအခက်၊ ဝမ်းသာရအခက်ဖြစ်သွားသည် ။

‘အဲဒါ ဒီနေ့တောင် ကျောင်းမတက်နိုင်ဘူး၊ နေမကောင်းဖြစ်သွားတယ်၊ ငိုတာများ လို့ နဲ့ တူတယ်ဟာ၊ သူ့အိမ်က ငါ့ကို ခွင့်စာ လာပေးခိုင်းရင်း ပြောပြတယ်’

‘ဖြစ်မှ ဖြစ်ရလေ’

ရင်ထဲ ယူကျုံးမရစွာ မြည်တမ်းမိရင်း အေးမိစံကိုပင်လျှင် စကားပြန်မပြောနိုင်အောင် ဖြစ်သွားသည် ။ အေးမိစံက သူ့အား နှုတ်ဆက်ကာ မုန့်ဈေးတန်းသို့ဆင်သွားသောအခါမှ သူ သက်ပြင်းချကာ မပြီးသေးသော သင်္ချာပုဒ်စာများကို တွက်လိုက်ရသည် ။

‘ထူးထူးဆန်းဆန်းပါလား နောင်လတ်’

စောဦး ရောက် လာပြီး အိမ်စာမပြီးသေးသော သူ့ကို အထူးအဆန်းဖြစ်နေသဖြင့်ပြောကြောင်း သူသိသည် ။ စကားပြန်မပြောနိုင်သေးဘဲ နောက်ဆုံတစ်ပုဒ်ကို အပြီးသတ် တွက်လိုက်သည် ။

‘အိမ်စာမတွက်နိုင်အောင် ဘာတွေများ အလုပ်များ နေလို့ လဲ’

‘လာကွာ…တစ်နေရာရာမှာ စကားသွားပြောရအောင်’

အိမ်စာစာအုပ်ကို စားပွဲပေါ်ထပ်လိုက်ပြီး စောဦးကိုခေါ်ကာ ကျောင်းဆောင်ထဲမှ ထွက်ခဲ့သည် ။ ကျောင်းတက်ချိန် ဆယ့်ငါးမိနစ်ခန့် လိုသေးသဖြင့် ကျောင်းနှင့်မလှမ်းမကမ်းရှိ ချောင်းဘေးသို့ ထွက်ခဲ့သည် ။ ချောင်းဘေးနား တိုးထွက်နေသော သဖန်းပင်မြစ်ပေါ် ထိုင်မိကြစဉ်…

‘စောဦး’

‘ပြောလေကွာ’

‘လီလီမောင်ကို မင်းဘယ်လိုမြင်သလဲ’

စောဦးက ပြုံးဖြီးဖြီးနှင့်

‘ဘယ်လိုမြင်ရမှာ လဲ၊ လူပေါ့ လူလို့ မြင်တယ်’

‘ဟာကွာ’

ရင်ခုန်ဖူးလေး ပွင့်အာဖို့ အရေး စောဦး၏ စကားကြောင့် ပျက်သွားရသည် ။ ချောင်းထဲသို့ ခဲတစ်လုံးပစ်ထည့်လိုက်ရာ ဂယက်လှိုင်းထသွားသည် ။

‘ငါသိနေပါတယ် နောင်လတ်ရာ၊ မင်းရင်ထဲမှာ ဘုရားပွဲလှည့်နေပြီဆိုတာလေ’

‘သူ့ကို ငါစိတ်ဝင်စားတယ်၊ စိတ်ဝင်စားတယ်ဆိုတဲ့ အတိုင်းအတာထက်အောင် ပိုမယ်ထင်တယ်၊ ဘယ်လိုခံစားမှုလဲဆိုတာတော့ ငါမပြောတတ်ဘူးကွာ’

‘ရောဂါက စကတည်းက သည်းသည်းပါလား၊ လီလီမောင်ကိုတွေ့တာ ရက်ပိုင်းပဲရှိသေးတယ်၊ မင်း ဒီလောက်ဖြစ်နေသလား နောင်လတ်ရာ’

‘အချစ်ဆိုတဲ့ အတိုင်းအတာက ကာလ အပိုင်းအခြားနဲ့ ဆိုင်သလားစောဦး’

‘ဟ အချစ်ကိုတောင် မင်း စိတ်ဝင်စား လာပြီပေါ့’

‘ငါ့အတွက်တော့ လီလီမောင်ကို စမြင်လိုက်ကတည်းက ရင်ခုန်ပွင့်လေးတွေ ပွင့်လာတာပဲ၊ အဟဲ…အဲဒါ အချစ်ဆိုရင် လီလီမောင်ကိုမြင်မြင်ချင်း ချစ်မိတာပဲဆိုရမယ်၊ ပြောရင်းနဲ့ တောင် ရင်ခုန် လာပြီကွာ’

‘သေလိုက်တော့ကွာ၊ ရေထဲပိတ်ကန်ချဖို့ ကောင်းတော့တယ်’

နောင်လတ်က စပ်ဖြီးဖြီး ဖြစ်နေသည် ။ စောဦးက သည်းလိုက်တာ ဟူသော အကြည့်ဖြင့်ကြည့်ရင်း အမြင်အတော်ကပ်လာဟန်ဖြင့်…

'ဒီလောက်တောင် ဖြစ်လှရင် ရည်းစားစာလိုက်ပေးပေါ့ကွ'

'ဟ ပေါ့သွားမှာ ပေါ့'

'သောက်ပေါ'

နောင်လတ်က ရယ်မောလိုက်သည် ။ ရယ်မော၍ သာနေရသည် ။ စိတ်အစဉ်၌ လီလီမောင် သိပ်များ ငိုနေသလား၊ ခေါင်းသိပ်ကိုက်ရှာမှာ ပဲ ဟူသော အတွေးဖြင့် စိတ်ထဲ၌ ပူပန်မှုလေး ရှိနေသည် ။

'ညနေကျရင် အဖော်လိုက်ခဲ့ကွာ'

'ဘယ်ကိုလိုက်ရမှာ လဲ'

လီလီမောင်တို့ အိမ်ရှေ့ဘက် စက်ဘီးသွားစီးရအောင်

'ရှက်တယ်ကွာ၊ ကျောင်းမှာ လည်း တစ်နေ့လုံး မြင်နေရသားနဲ့ '

'ဒီနေ့မလာဘူး'

'ဘယ်သူပြောသလဲ'

'အေးမိစံပြောတာ၊ ဒီလိုကွ'

စောစောက အေးမိစံ ပြောသွားခဲ့သော စကားများကို စောဦးအား ပြန်ပြောပြသောအခါ စောဦးက လက်ဖျောက်တစ်ချက်တီးကာ…

'ဒါဖြင့် မင်းအတွက်အပိုင်ပဲ'

သူ နားမလည်စွာဖြင့် စောဦးအားငေးကြည့်လိုက်စဉ်

'သူလည်း မင်းကို ကြွေနေပုံရတယ်'

စောဦးက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်ရာ နောင်လတ်က

‘နေပါဦး...ဘယ်လဲ’

‘ဟ...နင့်အဘ ခေါင်းလောင်းကခေါက်နေပြီလေ’

‘ဟေ...ငါမကြားလိုက်ဘူး’

‘မလွယ်ပါလား နောင်လတ်ရာ၊ ကုရာနတ္ထိ ဆေးမရှိပါလား’

စောဦးပြောလည်း ပြောထိုက်ပါသည် ။ သူခေါင်းလောင်းသံကို လုံးလုံးမကြားမိပါ။ လီလီမောင့်အကြောင်းသာ ပြောနေရမည်ဆိုပါက ကမ္ဘာ့မြေပြင် ထက်ခြမ်းကွဲသွားသည့်ကိုပင် သိနိုင်မည် မထင်ပါ။ နောင်လတ်၏ မေတ္တာရေးနယ်ပယ်တွင် အစွဲအလမ်းကြီးသူတို့ သည် ပို၍ အရှုံးများ တတ်မှန်း နောင်လတ်မသိသေးပါ။ သူ၏ ဆယ့်ခြောက်နှစ်ကျော်အသိဥ္ဈ ရင်ခုန်သံစဉ်လေးများ နောက်လိုက်ကာ မိန်းမောနေမိခြင်းကိုလည်း ဝေဖန်ပိုင်းခြားမှုမရှိနိုင်သေးပါ။ သူသိသည် မှာ တစ်ခုတည်းရှိသည် ။

‘ငါသူ့ကို သိပ်ခိုက်နေပြီ စောဦးရာ’

‘ခိုက်နေရင် လိုက်ကွာ’

‘ကြိုးစားကြည့်တာပေါ့’

ကျောင်းဆောင်ထဲမဝင်ခင် ဘယ်သူမှ မကြားအောင် သူတို့ချင်းပြောမိကြသေးသည် ။ ရွှေနတ်တောင် အ-ထ-ကကျောင်းဆောင်ကြီးသာ ကြားသွားပါက ‘ဒီကောင်လေးဘယ်လိုဖြစ်သွားပါလိမ့်။ အမြဲတမ်း စာအကြောင်း၊ ကျောင်းအကြောင်းသာ ပြောတတ်တဲ့ ကောင်လေး ဘယ်အမှောင့်ပယောဂများ ဝင်ပူးနေပါလိမ့်’ ဟု ထင်နေလေရော့မလားဟု နောင်လတ်ကတွေးမိရင်း ပြုံးလိုက်သည် ။

‘အချစ်ပယောဂ ပူးနေပြီဗျ’

ဟု ဟစ်အော်လိုက်သည် ။ သို့သော် အသံမဲ့သာလျှင်ဖြစ်သည် ။

ထိုနေ့က လီလီမောင် ကျောင်းမတက်သဖြင့် ကျောင်းဆင်းသည့်နှင့် စောဦးနှင့်သူသည် အိမ်သို့တန်းမပြန်သေးဘဲ လီလီမောင်တို့ အိမ်ရှေ့၌ လျှောက်ပြန်သံပေးရင်း မျှော်တလင့်လင့်လုပ်ခဲ့သော်လည်း လီလီမောင့် အရိပ်အယောင်ပင် မမြင်ရခဲ့ပါ။

* * *